# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရခိုင်ပြည်နယ်လွှတ်တော်

## ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ

ရက်စွဲ။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၃)ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရခိုင်ပြည်နယ်လွှတ်တော်
# ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ
## (၂၀၁၃ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် - ၇။)
## ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်
## ( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် )

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၅ ၊ ၆ နှင့် ၇ တို့ကို ပယ်ဖျက်ရမည်။

၃။ ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၅ အား အောက်ပါအတိုင်းအစားထိုးရမည်-

"ပုဒ်မ ၅ ။ ဝန်ကြီးသည် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) မြို့မိမြို့ဖများမှ ရွေးချယ်ထား ဥက္ကဋ္ဌသည့်ပုဂ္ဂိုလ်

(ခ ) လူမှုရေး(သို့မဟုတ်)စီးပွားရေး အဖွဲ့ဝင်အဖွဲ့အစည်းကိုယ်စားလှယ်

(၁)ဦး

(ဂ) သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်ပညာခြေပြု အဖွဲ့အစည်းများမှကိုယ်စားလှယ်(၁)ဦး — အဖွဲ့ဝင်

(ဃ) မြို့မိမြို့ဖများမှကိုယ်စားလှယ် (၁)ဦး — အဖွဲ့ဝင်

(င) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယဦးစီးမှူး ၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(ဆ) အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ — အတွင်းရေးမှူး"

၄။ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆ အား အောက်ပါအတိုင်း အစားထိုးရမည်-

"ပုဒ်မ ၆ ။ ပုဒ်မ ၅ ပုဒ်မခွဲ(က)၊ (ခ)၊(ဂ) နှင့်(ဃ)အရ ရွေးချယ်ရာတွင်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူကိုရွေးချယ်တာဝန်ပေးအပ်ရမည်-

(က) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားလာသော နိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက်(၂၅) နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) သင့်တော်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်း၊

(ဃ) စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်း၊

(င) မြို့ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း၊

(စ) မြို့ရွာ၏အကျိုးကို စေတနာထက်သန်စွာဖြင့် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူဖြစ်ခြင်း။”

၅။ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေပုဒ်မ ၇ အား အောက်ပါအတိုင်းအစားထိုးရမည်-

“ပုဒ်မ ၇ ။ ပုဒ်မ ၅ ပုဒ်မခွဲ (င)၊ (စ) နှင့်(ဆ) အရ သတ်မှတ်ထားသည့် ဝန်ထမ်းခန့်ထားမှုမရှိပါက သက်ဆိုင်ရာဌာနများမှသင့်လျော်သည့် ဝန်ထမ်းများကို တာဝန်ပေးအပ်နိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ထိုးသည်။

(ပုံ)

လှမောင်တင်
ပြည်နယ်ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့